# အုပ်စုဝင်များအတွက် အသိပေးချက်

S CI 2014 04423

**အောက်ပါတို့ နှစ်ဦးကြား။**

A.S. တရားစွဲဆိုလိုသည့် သူမ၏ အုပ်ထိန်းသူ MARIE THERESA ARTHUR တရားလို

- နှင့် -

လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဝန်ကြီး ပထမ တရားပြိုင်

ဩစတြေးလျားနိုင်ငံတော် ဒုတိယ တရားပြိုင်

---

ဩဂုတ်လ 26 ရက်နေ့ 2014 ခုနှစ်တွင် ဗစ်က်တိုးရီးယားပြည်နယ်တရားရုံးချုပ်၌ အောက်ပါပုဂ္ဂိုလ်တိုင်းအတွက် နစ်နာလျော်ကြေးငွေ တောင်းခံရေးအတွက် အုပ်စုလိုက် တရားစွဲဆိုမှု ("class action")(အကျိုးစီးပွားတူ လူတစ်စုမှ စုပေါင်းတရားစွဲဆိုခြင်း) ကိုစတင်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များမှာ -

- ဩဂုတ်လ 27 ရက်နေ့ 2011 ခုနှစ်မှ ဩဂုတ်လ 26 ရက်နေ့ 2014 ခုနှစ်အထိ Christmas Island (ခရစ္စမတ်ကျွန်း) ၌ ထိန်းသိမ်းခံရမှုတွင် ပါဝင်ခဲ့သည် (ထိုနောက်ပိုင်းတွင် ထိန်းသိမ်းခံရမှုမှ လွတ်ပေးခံရသည်ဖြစ်စေ လွတ်မပေးခံရသည်ဖြစ်စေ) (သက်ဆိုင်သည့်ကာလအတွင်း) နှင့်

- ထိန်းသိမ်းခံနေရစဉ်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည် နှင့်/သို့မဟုတ် ကိုယ်ဝန်ရှိနေခဲ့သည် နှင့်

- သက်ဆိုင်သည့်ကာလအတောအတွင်း သူ၊ သို့မဟုတ် သူမ ၊ သို့မဟုတ် သူ/သူမ၏ မိဘများအား သင့်တင့်လျောက်ပတ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဩစတြေးလျားအစိုးရ၏ စွပ်စွဲခံရသည့် ပျက်ကွက်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည် သို့မဟုတ် ထိခိုက်နစ်နာမှုကို ပိုမိုဆိုးရွားစွာခံစားခဲ့ရသည် နှင့်

- ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ အက်ဥပဒေ 1958 (Cth)ရှိ အပိုဒ် 36 အရ ဩစတြေးလျားနိုင်ငံအနေနှင့် သူ၊ သို့မဟုတ် သူမအား အကာအကွယ်ပေးရမည့် တာဝန်ဝတ္တရားရှိသည်ဟု တောင်းဆိုထားသည်။

အထက်ပါအမိပ္ပါယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသော ပုဂ္ဂိုလ်တိုင်းသည် class action ရှိ 'အုပ်စုဝင်' တစ်ဦးဖြစ်ပါသည်။ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ( "ဦးဆောင်သည့်တရားလို" ဟုသိရသူ) သည် သူမကိုယ်တိုင်နှင့် အုပ်စုဝင်အားလုံး၏ကိုယ်စားအမှုကို ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ဤအမှုပါ ဦးဆောင်သည့်တရားလိုသည် အမည်ဝှက် A.S. အဖြစ်သိရသည့် အသက်မပြည့်သေးသူဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဝန်ကြီးဌာန (**ဝန်ကြီး**) နှင့် ဩစတြေးလျားနိုင်ငံတော် (**နိုင်ငံတော်**) နှစ်ရပ်စလုံးကို တရားစွဲဆိုရန် class action ကိုလျှောက်တင်ထားခဲ့ပါသည်။

Christmas Island ရှိ ထိန်းသိမ်းရေး အခြေအနေများနှင့်ဆက်စပ်၍ ပျက်ကွက်မှုများစွာရှိခဲ့ခြင်းကြောင့် A.S. နှင့် အုပ်စုဝင်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုဖြစ်စေခဲ့သည်ဟု စွပ်စွဲထားပါသည်။ ဤစွပ်စွဲချက်များကို ဝန်ကြီးနှင့် နိုင်ငံတော်မှ ငြင်းဆိုထားပါသည်။

Class action တွင်သင်သည် အုပ်စုဝင်တစ်ဦးဖြစ်ကောင်းဖြစ်နိုင်ခဲ့ပြီး ၎င်းနှင့်ပတ်သက်၍ Opt Out Notice (နုတ်ထွက်ရေး ရွေးချယ်ဆုံးဖြတ်ခွင့် အကြောင်းကြားစာ)ကို ယခုနှစ်အစောပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်ရေးဝန်ကြီးထံမှ  သင်ရရှိပြီးဖြစ်ကောင်းဖြစ်နိုင်ပါသည်။

**တရားစွဲဆိုမှုကို class action တစ်ရပ်အဖြစ် ဆက်လက်လုပ်ဆောင်သွားမည် မဟုတ်တော့ပါ။**

**မတ်လ 27 ရက်နေ့ 2017 ခုနှစ်တွင် တရားစွဲဆိုမှုကို class action တစ်ရပ်အဖြစ် ဆက်လက်လုပ်ဆောင်သွားမည် မဟုတ်တော့ကြောင်း တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်။** ဆိုလိုသည်မှာ အမှုမှာ ယခုအခါတွင် ဦးဆောင်သည့် တရားလိုဖြစ်သူ A.S. နှင့်သာလျှင် သက်ဆိုင်တော့မည်ဖြစ်ပြီး အခြားမည်သည့်ပုဂ္ဂိုလ်တစ်ဦးဦးအတွက်မဆို နစ်နာကြေးမရရှိနိုင်တော့သလို ရပိုင်ခွင့်များကို မသတ်မှတ်ပေးနိုင်တော့ပေ။

Christmas Island တွင်ထိန်းသိမ်းခံထားရစဉ်အတောအတွင်း ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးငွေတောင်းခံလို၍ အုပ်စုဝင် ဟူသည့်အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ယခင်ကကိုက်ညီမှုရှိသော မည်သည့်ပုဂ္ဂိုလ်မဆိုသည် ယခုအခါတွင် မိမိတို့ဘာသာ တစ်သီးတစ်သန့် တရားစွဲဆိုမှုကို စတင်ပြုလုပ်ရမည်။

**မည်သူတို့အပေါ် အကျိုးသက်ရောက်မှုရှိပါသနည်း?**

တရားရုံး၏အမိန့်ချမှတ်မှုသည် အထက်တွင်ဖော်ပြထားသည့် အုပ်စုဝင်ဟူသောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီသည့် ပုဂ္ဂိုလ်တိုင်းအပေါ် အကျုံးဝင်သက်ရောက်မှုရှိပါသည်။ <u>တရားရုံးအမိန့်ကြောင့် သင့်အပေါ်၌ အကျိုးသက်ရောက်မှုရှိမည်ဟု သင်ယူဆလျှင် တရားဥပဒေရေးရာ သီးခြားအကြံပေးသူကို အမြန်ဆုံးဆက်သွယ်ပြီး အကြံဉာဏ်ရယူသင့်ပါသည်။</u>

**တစ်သီးပုဂ္ဂလ၏ တောင်းဆိုချက်များကို ဦးတိုက်လျှောက်ထားရမည့် အချိန်ကန့်သတ်ချက်။**

သြစတြေးလျားတွင် နစ်နာလျော်ကြေးငွေတောင်းခံရေးကို ဦးတိုက်လျှောက်ထားရာ၌ အချိန်အကန့်အသတ်ရှိပါသဖြင့် တစ်သီးပုဂ္ဂလအဖြစ် နစ်နာကြေးတောင်းခံလိုသူ မည်သူမဆိုသည် <u>ဤအကြောင်းရင်းကြောင့်လည်း တရားဥပဒေနှင့်ပတ်သက်၍ အကြံဉာဏ် အမြန်ဆုံး ရယူရန်မှာ</u> အရေးကြီးပါသည်။

**အယူခံဝင်နိုင်သည့် အခွင့်အရေးများ။**

Class action တွင်ပါဝင်ခဲ့သည့် အုပ်စုဝင်များဖြစ်သော တစ်သီးပုဂ္ဂလတိုင်းတွင် တရားရုံး၏အမိန့်ဖြစ်သည့် တရားစွဲဆိုမှုအား class action တစ်ရပ်အဖြစ် ဆက်လက်လုပ်ဆောင်သွားမည် မဟုတ်ကြောင်းကို အယူခံဝင်နိုင်ပါသည်။ သို့သော် အဆိုပါ အယူခံဝင်မှုတစ်ရပ်ရပ်ကို စတင်ရေးအတွက် အချိန်အကန့်အသတ်မှာ <u>မေလ 24 ရက်နေ့ 2017 ခုနှစ်</u> နောက်ဆုံးဖြစ်ပါသည်။ သင့်အနေနှင့် အယူခံဝင်လိုဖွယ်ရှိမည်ဟု သင်ထင်မြင်ပါက ထိုရက်စွဲမတိုင်မီ အချိန်ကုံလုံစောစီးစွာ တရားဥပဒေနှင့်ပတ်သက်၍ အကြံဉာဏ်ကို အမြန်ဆုံး ရယူသင့်ပါသည်။

**နောက်ထပ်အချက်အလက်များ။**

ဤအမှုနှင့်ပတ်သက်၍ သင့်ထံ၌ မေးစရာတစ်ခုခုရှိလျှင်ဖြစ်စေ နောက်ထပ်အသေးစိတ်အချက်အလက် ရယူလိုလျှင်ဖြစ်စေ www.mauriceblackburn.com.au/christmasisland ၌ကြည့်ရှုနိုင်သလို၊ 1800 286 052 ကိုခေါ်ဆိုပါ သို့မဟုတ် christmasisland@mauriceblackburn.com.au သို့ အီးမေးလ်ပေးပို့ပါ။

ဤတရားစွဲဆိုမှုနှင့်စပ်လျဉ်း၍ christmasisland@mauriceblackburn.com.au သို့ဆက်သွယ်ခြင်းအားဖြင့် သော်လည်းကောင်း၊ ဤတရားစွဲဆိုမှုအတွက် ဗစ်က်တိုးရီးယားတရားရုံးချုပ်၏ ဝက်ဘ်ဆိုက် http://www.supremecourt.vic.gov.au/home/law+and+practice/class+actions/christmas+island+detention+centre+class+action တွင်သော်လည်းကောင်း၊  တောင်းဆိုမှုဖော်ပြချက်၊ လျှောက်လဲချက်များနှင့် ပြင်ဆင်ဖြည့်စွက်ထားသည့် ဤစာရွက်စာတမ်း၏ မူကွဲများအပါအဝင် အမှုနှင့်ဆက်စပ်သော သက်ဆိုင်ရာ စာရွက်စာတမ်းများကို သင်စစ်ဆေးကြည့်ရှုနိုင်ပါသည်။

ဤအသိပေးစာတွင် တင်ပြခဲ့သောအကြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ တရားဥပဒေနှင့်ဆိုင်ရာ နောက်ထပ်အကြံဉာဏ်များရယူရန် သင်နှစ်သက်ရာ အခြားမည်သည့်ရှေ့နေတစ်ဦးဦးမဆိုအားလည်း သင်ဆက်သွယ်နိုင်ပါသည်။